# တာလူဖတောကျေးရွာ

# လပွတ္တာမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တာလူဖတောကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီ လ

## မာတိကာ

**မာတိကာ**

**စကားချီး**

**တာလူဖတောကျေးရွာ သယံဇာတပြမြေပုံ**

**တာလူဖတောကျေးရွာ ရာသီခွင်ပြမြေပုံ**

**တာလူဖတောကျေးရွာ (Venn Diagram) အဖွဲ့အစည်းပြမြေပုံ**

**အပိုင်း(က)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

**၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

**၆။ ပညာရေး**

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

**၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ**

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ  အချက်အလက်များ**

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ  (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ  စာရင်း

နောက်ဆက်တွဲ  (၂) ကျေးရွာဖွံ့ဖြိုးရေး  အထောက်အကူပြု  ဇယားများ

နောက်ဆက်တွဲ  (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ  တည်ဆောက်မှု အခြေပြဇယား

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဧပြီ လ ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**တာလူဖတောကျေးရွာ**

**လပွတ္တာမြို့နယ်**

## တာလူဖတောကျေးရွာ သယံဇာတပြမြေပုံ၊ လပွတ္တာမြို့နယ်



# တာလူဖတောကျေးရွာ ရာသီခွင်ပြမြေပုံ၊ လပွတ္တာမြို့



တာလူဖတောကျေးရွာ၏ ရာသီခွင်ပြ [illegible]

| အကြောင်းအရာ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | ရှိ | ရှိ | ရှိ | နည်း | နည်း | မရှိ | ရှိ | ရှိ | နည်း | နည်း | မရှိ | မရှိ |
| [illegible] | များ | များ | သင့် | သင့် | သင့် | မရှိ | များ | များ | သင့် | နည်း | နည်း | သင့် |
| အသုံးစရိတ် | သင့် | များ | များ | သင့် | သင့် | နည်း | များ | များ | များ | သင့် | သင့် | နည်း |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | နည်း | နည်း | နည်း | သင့် | ရှိ | သင့် | သင့် | သင့် | နည်း | ရှိ |
| [illegible] | မရှိ | မရှိ | မရှိ | မရှိ | သင့် | ရှိ | ရှိ | ရှိ | ရှိ | ရှိ | သင့် | သင့် |
| သောက်သုံးရေရှားမှု | ရှိ | ရှိ | ရှိ | သင့် | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | ရှိ |
| တိရစ္ဆာန်အစာ [illegible] | သင့် | သင့် | သင့် | နည်း | နည်း | နည်း | နည်း | များ | များ | များ | များ | သင့် |
| တိရစ္ဆာန်ရောဂါကျရောက်မှု | ရှိ | ရှိ | နည်း | နည်း | မရှိ | မရှိ | မရှိ | နည်း | သင့် | သင့် | ရှိ | ရှိ |
| ကုန်ဈေးအခြေအနေ | သင့် | ညံ့ | ညံ့ | ညံ့ | သင့် | သင့် | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် |
| သီးနှံပိုးမွှားကျရောက်မှု | သင့် | ရှိ | ရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | သင့် |
| ပွဲတော် | | | | | | | | | | | | |
| သဘာဝဘေးအန္တရာယ် | မိုးကြီး | ရေကြီး | ရေကြီး | သင့် | သင့် | သင့် | [illegible] | မရှိ | မရှိ | မရှိ | မရှိ | သင့် |
| ရာသီဥတုအခြေအနေ | | | | | | | | | | | | |

အညွှန်း

- ဝါဆိုပွဲ
- မီးထွန်းပွဲ
- ကထိန်ပွဲ
- ခရစ္စမတ်ပွဲ
- [illegible]
- သင်္ကြန်
- မိုးကြီး
- မိုးဖွဲ
- မိုးသင့်
- နေသင့်
- နေပူ
- [illegible]

# တာလူဖတောကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တာလူဖတောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စုတွင်တည်ရှိသည်။ ကျေးရွာသည် လပွတ္တာမြို့နှင့် ရေမိုင်(၂၃) မိုင်ခန့် ဝေးကွာပါသည်။ ကျေးရွာဘေးပတ်ပတ်လည်တွင် မြစ်ချောင်းများရှိပြီး ကျေးရွာ၏ အရှေ့ဘက်တွင် ချောင်းရှိ၍ ချောင်းတစ်ဖက်တွင် သိပ္ပံကုန်းကြီးကျေးရွာရှိပြီး အဆိုပါချောင်းအား အကျယ်အားဖြင့် ပေ(၁၄၀)ခန့် ရှိပါသည်။ ကျေးရွာချင်းဆက်လမ်းရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ဝဲဒေါင့်ကျေးရွာနှင့် ရွာချင်းဆက်မြေသားလမ်းရှိပြီး ကုန်းကျောင်းခရီးဖြင့် (၁)မိုင်ခန့်ဝေးပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် အုပ်စုကျေးရွာဖြစ်သော ဆားချက်ကျေးရွာတည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂.C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိတောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်ဧကပေါင်း(၇၀၅.၄၁)ရှိပြီး တစ်ချို့သောတောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများလုပ်ကိုင်ကြပြီး ဥယျာဉ်ခြံမြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ကျား ၆ ဦး + မ ၃ဦး)သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့ (ကျား ၂၀ ဦး + မ ၂၀ ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။ ကျန်းမာရေးအဖွဲ့(ကျား ၈ ဦး + ၇ ဦး)နှင့် အရန်မီးသတ်တပ်ဖွဲ့ (ကျား ၂၅ ဦး + မ ၂၅ ဦး) တို့မှာ လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်း များကို လုပ်ဆောင်ကြပါသည်။ ကျေးရွာတွင်အုပ်ချုပ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေး လုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့ ဘာသာရေးဆိုင်ရာအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှာ ဆောင်ရွက်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။ ပညာ

ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာတွင် သာရေးနာရေး၊ လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ကျေးရွာ၏ ပြင်ပအဖွဲ့အစည်းအနေဖြင့် UNDP အဖွဲ့အစည်းရှိပါသည်။ ၎င်းပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်းစသည့် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ်သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

တာလူဖတောကျေးရွာတွင် (၅)ကေမှ (၁၂.၅)ကေကြား တောင်သူလတ် (၄၀) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၄၀) အိမ်ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့်ဥယျာဉ်ခြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။ ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးနှင့် ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာအရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ကေပိုင်ဆိုင်မှုမှာ (၇၁၅.၄၁)ကေ၊ ဥယျာဉ်ခြံမြေ(၉၈.၅)ကေ၊ စာကျက်မြေကေ(၅)ကေနှင့် ဓနိတောမြေမှာ (၃၇.၉၅)ကေ ရှိပါသည်။ ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စုမှာ(၁၈၅)သာရှိပြီး မြေကေ ပိုင်ဆိုင်မှုမှာ အနည်းဆုံး(၂.၅)ကေမှ အများဆုံးမှာ ကေ(၁၅၀)ထိ ပိုင်ဆိုင်ကြပြီး မြေယာမဲ့ အိမ်ထောင်စု(၁၅၀)ခန့်ရှိပြီး ၎င်းတို့မှာ နေ့စားကျပန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်နှင့် ပြည်တွင်း၊ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ မိုးရာသီကုန်ဆုံးချိန်မှာ အငန်ဓါတ်ဝင်၍ နွေစပါးစိုက်ပျိုး မရရှိဘဲ မိုးစပါးတစ်မျိုးသာလျှင် စိုက်ပျိုးရပါသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုပေါ်မူတည်ပြီး ထွက်ရှိပါသည်။ စပါးတစ်မျိုးထဲကို စိုက်ပျိုးပြီး တစ်ကေပျှမ်းမျှထွက်နှုန်းမှာ တင်း(၄၀)ခန့်သာ ထွက်ရှိပါသည်။ စိုက်ပျိုးရေ အခက်အခဲကြောင့် နွေစပါး၊ ဆောင်းစပါး မစိုက်ပျိုးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးကရိယာပိုင်ဆိုင်မှု အခြေအနေမှာ ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၄၈)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၃)စီး၊ ခြွေလှေ့စက်(၂၀)စီးနှင့် မြက်ရိတ်စက်(၅)စီး စသည်များ အသီးသီးရှိကြ

သည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ပိုင်ဆိုင်မှုမရှိသော အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှာရမ်းအသုံးပြုလုပ်ကိုင်ကြပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုအခြေအနေမှာ လှေ(၉၁)စင်း၊ စက်လှေ(၆၆)စင်း အိမ်ထောင်စု အသီးသီးမှပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကျောင်းအား အထောက်အကူပစ္စည်းများဖြစ်ပါသည်။ ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲများမွေးမြူ ကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းအချို့လုပ်ကိုင်သူများလည်းရှိကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့်ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်း ရှိကြပါ သည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး နွားကောင်းရေ (၁၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃၉) စုမှ (၁၂၅) ကောင်၊ အိမ်ထောင်စု (၄) အိမ်မှ ဆိတ် (၅) ကောင်၊ အိမ်ထောင်စု (၁၆၀) အိမ်မှ ဝက် (၂၈၆) ကောင်၊ အိမ်ထောင်စု (၁၆၉) အိမ်မှ ကြက် (၉၁၄) ကောင်၊ အိမ်ထောင်စု (၅၀) အိမ်မှ ဘဲ (၃၁၁)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့် ရေလုပ်ငန်းကို စီးပွားဖြစ်အဓိကလုပ်ကိုင်သူများ အနည်းငယ်သာရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် ချောင်းမြောင်းများတွင် ငါးဖမ်းသူများ ရှိကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ လက်သမား၊ ပန်းရံလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်

အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦး ရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေကြေးရေး ဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်းဖြင့်ငွေ ထုတ်ချေးပါသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့အစည်း အနေဖြင့် UNDP အဖွဲ့အစည်းမှ ကျေးရွာသူ/ သားများအား (၁၄)ရက်လျှင်တစ်ကြိမ် အရင်း၊အတိုး ပေးဆပ်ခြင်းဖြင့် ငွေထုတ်ချေးပေး နေပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာတွင် ချေးငွေလိုပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်း ရဲအိမ်ထောင်စုများသည် အခြားပုဂ္ဂလိကများမှ ငွေ(၁၀၀)ကျပ်အပေါ်လျှင် အတိုးနှုန်း (၃ကျပ်မှ ၁၀ကျပ်အထိ )တိုး ယူကြရကြောင်း တွေ့ရပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ဆိပ်ခံတံတား(၂)စင်းရှိပါသည်။ အဓိကကုန်တင်၊ကုန်ချနှင့် အဆင်း၊ အတက်ပြုလုပ်သော ရွာလယ်တံတားမှာ သစ်သားတံဖြစ်၍ သက်တမ်းအားဖြင့် ကြာမြင့်နေသောကြောင့် တံတားမှာယိုယွင်းပျက်စီးနေပါသည်။ ၎င်းတံတားကို ပြုပြင်ပေးမည်ဆိုပါက ကျေးရွာ၏ ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာသူ/သားများအတွက် အကျိုးကျေးဇူးများစွာ သက်ရောက်မှုရှိပါမည်။ ကျေးရွာသည် မြစ်ကြောင်းအသုံးပြုခြင်းအားဖြင့် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးအဖြစ် စက်လှေများ၊ သင်္ဘောများဖြင့် နီးစပ်ရာမြို့ကြီးများသို့ တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ ပင်လယ်ရေကြောင်း အသုံးပြုခြင်း မရှိပါ။ သယ်ယူပို့ ဆောင်ရေးအတွက် ရေလမ်း (၁)မျိုးသာ အသုံးပြု၍ ရပါသည်။ ကျေးရွာတွင် သမ္ဗာန်အသုံးပြု နှုန်းမှာ(၉၀)စီး၊ စက်လှေ (၆၆)စီး၊ စက်ဘီး(၈၉)စီး၊

မော်တော်ဆိုင်ကယ်(၅၄)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီး၊ ထော်လာဂျီ (၂)စီး ရှိပါသည်။

သောက်သုံးရေးအနေဖြင့် ရေတွင်းနှင့်မြေသားရေကန်ကိုသာ အဓိကထားပြီး အသုံးပြုသုံးစွဲနေကြပါသည်။ ၎င်းကန်များကိုလည်း ပြုပြင်ရန်လို အပ်နေပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန် တိရစ္ဆာန်အစာ၊ မြေနေရာသားပေါက်ရရှိမှု ရောင်းချရန်စျေးကွက်နှင့် အခြားဝန်ဆောင်မှုများ ရရှိနိုင်မှု အခြေအနေမှာ အသင့်အတင့်ကောင်းမွန်လွယ်ကူသည့်အနေအထားတွင်ရှိသော်လည်း ကုန်ကျစရိတ်နှင့် အသားစျေးမှာ စီးပွားရေးအရ တွက်ချက်ကိုက်ညီမှု မရှိသောကြောင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး အဆင့်သာရှိပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းမမှီခြင်းကြောင့် အိမ်ထောင်စုအများစုမှာ ဆိုလာမီးနှင့် ပုဂ္ဂလိက အင်ဂျင်မီးတို့ကိုသာ အားလုံးနီးပါ အသုံးပြု ကြပါသည်။ တီဗွီကြည့်ခြင်း မီးထွန်းခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှု လုပ်ငန်းများကို ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်းမီးနှင့်မီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။ ကျေးရွာတွင် ဆိုလာမီးလင်းရေးအတွက် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် NEPစီမံကိန်းအား (၂၀၁၈-၂၀၁၉)ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခွင့်ရရှိပါမည်။ ကျေးရွာတွင် ရွာလုံးကျွတ်မီးရရှိလျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများအတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏လူနေမှုအဆင့် အတန်းမြင့်မားလာပါမည်ဖြစ်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ဖုန်း(၄၃၄)လုံး၊ ရေဒီယို(၄၈)လုံး၊ တီဗွီ(၉၈)လုံးနှင့် ဂြိုလ်တုစလောင်း(၆)လုံးရှိပါသည်။ တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း သုံးစွဲသူအများအပြားရှိသည့်အတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ အခြေအနေများရှိပြီး ခေတ်နှင့်လျှော်ညီစွာ နေထိုင်နိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

**၆။ ပညာရေး**

တာလူဖတောကျေးရွာသည် ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေမှာ တစ်ရွာလုံးအတိုင်းအတာနှင့် သုံးသပ်ပါက စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ(၉၆.၃၅) ရှိပါသည်။ မူလတန်းအဆင့်ရှိသူဦးရေး(၉၃၈)၊ အလယ်တန်းအဆင့်ရှိသူဦးရေ(၃၁၂)ယောက်၊ အထက်တန်းအဆင့်ရှိသူဦးရေ(၂၃၁)ယောက် နှင့်တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ

(၁၃၁)ယောက် ရှိပါသည်။ စာမတတ်သူဦးရေးမှာ(၆၁)ယောက်ရှိပါသည်။

တာလူဖတောကျေးရွာ၏ ကျောင်းတက်မှုနှုန်းမှာ မူလတန်းအဆင့်မှာ (၁၉၂) ယောက်၊ အလယ်တန်းအဆင့်မှာ(၂၁၇)ယောက်၊ အထက်တန်းအဆင့်မှာ (၁၁၁)ယောက် ရှိပြီး တက္ကသိုလ်ထိ(၂၄)ယောက်ရှိပါသည်။ ကျေးရွာတွင်း အလယ်တန်းခွဲ ကျောင်းရှိသော ကြောင့်ကျောင်းနေအရွယ် ကလေးများ၏ ကျောင်းတက်မှုနှုန်းမှာ တိုးတက်ကောင်းမွန် ကြောင်း လေ့လာတွေ့ရှိရပါသည်။ အထက်တန်းပညာရေးအား သိပ္ပံကုန်းကြီးကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ ကျေးရွာသည် ကျောင်းသုံးပရိဘောဂ အလုံအလောက် မရှိသည်မှလွဲ၍ ကျောင်းသာဦးရေနှင့် ဆရာ/ဆရာမ အချိုး၊ ကြမ်းခင်းဧရိယာနှင့် ကျောင်းသားအရေအတွက် လုံလောက်မှုတမှုရှိခြင်း၊ ကျောင်းဆောင်အရည်အသွေး၊ အိမ်သာအခြေအနေ၊ အာဟာရတိုက် ကျွေးမှုစသည်တို့မှာ အသင့်အတင့်ကောင်းမွန်သော အခြေအနေရှိပါသည်။ ကျေးရွာကျောင်းတွင် မသန်းစွမ်းသူများအတွက် ပညာသင်ကြားရေး အထူးအစီအစဉ် မရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ သုံးစွဲနိုင်မှုပြည့်စုံမှု မရှိခြင်းမှလွဲ၍ အခြားအခက်အခဲနှင့် ပြဿနာများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျေးလက်ကျန်းမာရေး ဌာနသည် တစ်ပတ်လျှင်တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် (၉:၃၀)အချိန်မှ ညနေ(၄:၀၀) အချိန်ထိ ဆေးခန်းလာပြသောလူနာများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးပါသည်။ အရေးပေါ်လူနာများအတွက်မူ(၂၃)မိုင်ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက်ကုသရ ပါသည်။ ကျေးရွာသည် အိမ်ထောင်စု(၃၃၅)လုံးသည် မြေသားမိုးရေလှောင်ကန်ကိုသာ အဓိကထား၍ သုံးစွဲနေကြပါသည်။ ကျေးရွာများရှိ ရေတွင်းများတွင် ရေပေါ့များသာ ထွက်ရှိသောကြောင့် သုံးရေလောက်သာ ရရှိပါသည်။

သန့်ရှင်းသော ယင်လုံအိမ်သာ(၂၅၂)လုံးရှိပြီး တချို့အိမ်ထောင်စုအိမ်သာမရှိ သောကြောင့် မိမိတို့နှင့်နီးစပ်သော အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။ တစ်ချို့ချောင်းကမ်းဘေးမှအိမ်ထောင်စုများသည် ချောင်းကမ်းဘေး တွင်ဆောက် လုပ်ထားခြင်းဖြစ်၍ ဒီရေအတက်အကျရှိ၍ ရေလောင်းအိမ်သာယင်လုံအိမ်သာ ဆောက်လုပ်ရန် အခက်အခဲရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများမရှိသည့်အတွက် ၎င်းတို့နှင့်ပတ်သတ်ဆက်နွယ်သောလုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်းမရှိပါ။ မြစ်ကမ်းဘေးတွင်တည်ရှိသည့် ကျေးရွာဖြစ်သည့်အလျောက် သောင်သဲအနည်းအကျဉ်း ရရှိပြီး သဲအသုံးချနိုင်မှု အသင့်အတင့်ရှိပါသည်။ သဘာဂတိရစ္ဆာန်မျိုးစိတ်များ အနေနှင့်ငှက်မျိုးများ၊ ရေချို၊ ရေလုပ်ငန်း ငါးမျိုးစိတ်များ အနည်းအကျဉ်းစီရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ မရှိပါ။ သက်ဆိုင်ရာမိသားစုများ၏ အောက်တွင်ရပ်တည်နေကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေရှားပါးမှုနှင့် မြေဆီလွှာပျက်ဆီးမှုများ ခံစားကြုံတွေ့နိုင်ပါသည်။ ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေမှာ ကြီးကြီးမားမား မဖြစ်နိုင်၍ စိုးရိမ်ရသည့် အနေအထား မရှိပါ။ လူငယ်များအနေဖြင့် ငှက်ဖျားရောဂါနှင့် တီဘီရောဂါ ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်းထောင်စုများသည် ဝမ်းစာဖူလုံမှု မရှိနိုင်ပါ။ တိရစ္ဆာန်မွေးမြူသူများသည် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုအားများသောအားဖြင့် အနည်းငယ်သာဖြစ်ပွားပါသည်။

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနှစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အိမ်ထောင်စုအားဖြင့် (၃၃၅)စုရှိပြီး လူဦးရေအားဖြင့် (ကျား-၈၄၀ ဦး၊ မ-၈၃၃ ဦး) စုစုပေါင်း (၁၆၇၃)ဦး ရှိပါသည်။ ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်း

ချိန်များတွင် နေ့စား၊ ပုတ်ပြတ် နှင့်လပြတ် စသည့် လုပ်သားများ ငှားရမ်းလုပ်ဆောင် ကြပါသည်။ တစ်ရက်လျှင် လုပ်အားခ အများဆုံးနှုန်းမှာငွေကျပ်(၄၀၀၀ မှ ၇၀၀၀ ထိ ) နေ့စားခရရှိ၍ ရေလုပ်ငန်းများမှာကျပ် (၁၀၀၀၀ ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင် အနည်းငယ်သာရှိ၍ အများစုမှာအလုပ် လက်မဲ့ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင် ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်းနည်းပါး ကြပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်း များဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများ လုပ်ကိုင်ကြပါသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမို ရရှိကြသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့်အရေး ရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်း ပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မတန်းတူ အခွင့်အရေးရှိပါ သည်။

## ၁၀။ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ဆိပ်ကမ်းကပ်တံတား ရရှိရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရေကန်ပြုပြင်ရေး စီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင့်ရေး စီမံချက်(ဝဲဒေါင့်ကျေးရွာ) | ၃ |
| ၄ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းအဆင့်မြှင့်တင်ရေး စီမံချက် | ၄ |
| ၅ | အခြေခံအဆောက်အဦ | ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင့်ရေး စီမံချက်(သိပ္ပံကုန်းကြီးကျေးရွာ) | ၅ |
| | | | |
| | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| | |
|---|---|
| **ကျေးရွာ** - တာလူဖတော<br>**ကျေးရွာအုပ်စု** - ဆားချက်<br>**မြို့နယ်** - လပွတ္တာ<br>**တိုင်းဒေသကြီး / ပြည်နယ်** - ဧရာဝတီ | |
| **စီမံချက်အမည်** – အပေါ်ပိုင်း (၁) လမ်း (၃၀’ × ၁၀’ × ၁၀’) အား ဆိပ်ကမ်းကပ်တံတား အဆင့်မြှင့်တင်ခြင်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• ယခုလက်ရှိ အပေါ်ပိုင်း (၁) တံတားမှာ သစ်သားတံတားဖြစ်ပြီး သက်တမ်းအားဖြင့် ကြာမြင့်နေသောကြောင့် ယိုယွင်းပျက်စီးနေပါသည်။<br>• လက်ရှိကျေးရွာသည် ကပ်ကမ်းတံတားမှာ ဝါးတံတားလေးဖြစ်ခြင်း၊ ယိုင်နဲ့နေခြင်းကြောင်း ခရီးသယ်များနှင့် ကျောင်းသူ/သားများ အတက် အဆင်းနှင့် ကုန်ထုတ်လုပ်ငန်းပစ္စည်းများ တင်ချရာတွင် အခက်အခဲရှိ ပါသည်။<br>• လက်ရှိကျေးရွာသည် ရေလမ်းကြောင်းဖြစ် သယ်ယူပို့ဆောင်ရသော ကျေးရွာဖြစ်သောကြောင့် ကမ်းကပ်တံတား ခိုင်ခိုင်မာမာမရှိကြောင်းတွေ့ရပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ယခု ဆိပ်ခံသစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ်သို့ ပြောင်းလဲတည်ဆောက်နိုင်မည်ဆိုပါက ကျေးရွာသူ/သားများနှင့် ကျောင်းသူ/သားများ တံတားမှ ချော်ကျခြင်းများ အန္တရာယ်ကင်းဝေးရန်။<br>• လွယ်ကူစွာ တက် /ဆင်း နိုင်စေရန်။<br>• ခရီးသယ်များ၊ ပစ္စည်းများ တင်ချရာတွင် အန္တရာယ်ကင်းကင်း စိတ်ချလွယ်ကူစွာ တင်ချနိုင်ရန် ။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• ကမ်းကပ်တံတားရရှိမည် ဆိုပါလျှင် ခရီးသယ်များ ကုန်ထုတ်လုပ်မှု ပိုမိုတိုးမြင့်ဆောင်ရွက်လာနိုင်ပါမည်။<br>• လှေ (သို့) စက်လှေ အစီးအရေတိုးပွားလာနိုင်ပြီး ကျေးရွာ၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးလာ နိုင်ပါမည်။<br>• ကျောင်းသူ/သား များအတွက် အန္တရာယ်မှ ကာကွယ်စေပြီး လုံခြုံစိတ်ချစွာ သွားနိုင်မည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ဆိပ်ကမ်းကပ်တံတားအား ကွန်ကရစ်တံတားအဆင့်သို့ အဆင့်မြှင့်တင်ခြင်း | |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |

| | |
|---|---|
| • ၁၀,၀၀၀,၀၀၀ (ငွေသား)<br>• ၁,၀၀၀,၀၀၀ (ငွေသား)<br>• | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• လှူတ်တော် |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၈၄၀ | ၈၃၃ | ၁၆၇၃ | ၄၀ | ၆၀ | ၈၀ | ၁၅၀ | ၃၃၅ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၈၄၀ | ၈၃၃ | ၁၆၇၃ | ၄၀ | ၆၀ | ၈၀ | ၁၅၀ | ၃၃၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- တာလူဖတောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်

**(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ရက်

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- တာလူဖတောကျေးရွာ အပေါ်ပိုင်း (၁)တံတားအား ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းနှင့် ငွေကြေး အသင့်အတင့်ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- တံတားအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ၊ ရွာသားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

# တလူဖတောကျေးရွာ၊ ဆားချက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမျိုးကြည် | ဦးကျော် | ၁၄/ပစလ(နိုင်)၀၇၀၁၆၇ | ၆၂ | ဥက္ကဋ္ဌ | ၀၉-၂၅၈၆၁၇၅၂၇ |
| ၂ | ဦးညိုကြီး | ဦးခွေးကြီး | ၁၄/လပတ(နိုင်)၁၉၂၆၁၈ | ၅၉ | အတွင်းရေးမှူး | ၀၉-၄၅၆၉၄၅၁၂၂ |
| ၃ | ဦးဇော်ဇော်ဝင်း | ဦးမောင်ဝင်း | ၁၄/ပစလ(နိုင်)၀၃၈၅၅၃ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၈၈၈၄၇၅၂ |
| ၄ | ဒေါ်တာမူးဖော | ဦးတာတု | ၁၄/ကကန(နိုင်)၀၀၇၈၃၂ | ၅၁ | စာရင်းကိုင် | ၀၉-၄၅၁၈၉၀၀၄၁ |
| ၅ | ဒေါ်ဆာဂေးဖော | ဦးမောင်မောင် | ၁၄/ပစလ(နိုင်)၀၃၈၅၉၈ | ၃၈ | အဖွဲ့ဝင် | ၀၉-၂၆၃၇၃၁၁၃၄ |
| ၆ | နော်လားဖော | ဦးပန်းအေး | ၁၄/ပစလ(နိုင်)၀၃၇၉၈၄ | ၄၀ | အဖွဲ့ဝင် | ၀၉-၂၆၂၉၄၇၀၆၃ |
| ၇ | စကိုကိုချစ် | ဦးစီအီးစီ | | ၂၁ | အဖွဲ့ဝင် | ၀၉-၄၅၉၉၃၉၆၇၇ |
| ၈ | ဦးကိုကိုအောင် | ဦးလိုင်းနယ် | ၁၄/ပစလ(နိုင်)၀၃၈၇၃၄ | ၄၀ | အဖွဲ့ဝင် | ၀၉-၂၆၅၉၁၃၃၇၆ |
| ၉ | ဦးစောခူစေး | ဦးကိုလား | ၁၄/ပစလ(နိုင်)၀၃၈၄၇၇ | | အဖွဲ့ဝင် | ၀၉-၂၅၁၅၅၄၀၄၂ |
| | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၇ | ၂၆ | ၄၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၅၃ | ၇၁ | ၁၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၁၆ | ၈၇ | ၂၀၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉၄ | ၁၀၂ | ၁၉၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၄၀ | ၅၁၄ | ၁၀၅၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၃၃ | ၅၃ |
| စုစုပေါင်း | | ၈၄၀ | ၈၃၃ | ၁၆၇၃ |
| စုစုပေါင်း အိမ်ထောင်စု | | ၃၃၅ | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။တာလူဖတောကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာသည် ကရင်လူမျိုးများနေထိုင်ကြပြီး ဗမာလူမျိုးများအနည်း အကျဉ်းသာရှိပါသည်။ အိမ်ထောင်စုအားဖြင့် (၃၃၅)စုရှိပြီး လူဦးရေအားဖြင့်(၁၆၇၃)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့ အရွယ်(၂.၆%) ၅နှစ်အောက်ကလေးငယ် (၇.၄၁%)၊ မူလတန်းကျောင်းသာအရွယ် (၁၂.၁၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၇၃%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၃%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၃.၂%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၆၃%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်ကျား(၅၄၀)ဦး၊ မ (၅၁၄)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၃၇%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံမှု ပေးနိုင်ပါသည်။**

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၈၅ | ၁၈၅ | ၂ | မြင့်☐လတ် ■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅၀ | ၂၀၀ | | မြင့်☐လတ်☐နိမ့်■ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၂၆ | ၄၂၆ | | မြင့်☐လတ်☐နိမ့်■ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၀ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | မြင့်☐လတ်☐နိမ့်■ |
| ၄ | **သစ်တောလုပ်ငန်** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့်■ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၉ | ၂၀ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၃ | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်■နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၂၀ | ၇၂၀ | | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အများဆုံးလုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင် သူအိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရလုပ်ကိုင်သူ အိမ်ထောင်စုဝင်များလည်း ရှိရပါသည်။**

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိပါသည်။ ကျေးရွာမှာ အလုပ်အကိုင်အခွင့်အလမ်း တိရစ္ဆာန်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ပန်ရံလုပ်ငန်းများ (၃)မျိုးကိုသာ လုပ်ကိုင်နိုင်ပြီး အချိန်ကာလအားဖြင့်လည်း တစ်နှစ်ပတ်လုံးအစဉ်မပျက် လုပ်ကိုင်နေရခြင်းမျိုးမဟုတ်ပဲ လုပ်ငန်းရာသီချိန်အတွင်း (၃၊ ၄) လ ခန့်သာ လုပ်ကိုင်ရသည့် အလုပ်များသာ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် အမျိုးသားနှင့် အမျိုးသမီးများပါလုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းများမှာ အမျိုးသားများသာ လုပ်ကိုင်ပြီး အမျိုးသမီးများမှာ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။**

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၇၀၅.၄၁ | ကောင်း ☐ သင့်■ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၉၈.၅ | ကောင်း ☐ သင့်■ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၃၇.၉၅ | ကောင်း ☐ သင့်■ ညံ့ ☐ |
| စားကျက်မြေ | ၅ | ကောင်း ☐ သင့်■ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၈၄၆.၈၆** | ☒ |

ရင်းမြစ် …(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။ ။တာလူဖတောကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုမှာ (၇၀၅.၄၁)ဧက၊ ဥယျာဉ်ခြံမြေ(၉၈.၅)ဧက ဓနိတောမြေမှာ (၃၇.၉၅)ဧကနှင့် စားကျက်မြေမှာ(၅)ဧက ရှိပါသည်။**

## (ဂ–၂) ခတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ပြည်တွင်း၊ပြည်ပသို့ သွားရောက်လုပ်ကိုင်နေကြ သူများသည် အများဆုံးယုံကြည်စိတ်ချရသော ဘဏ်များမှ လွှဲပို့ကြပြီး အချို့တွင်ဟွန်ဒီစနစ် (သို့) wave money ဖြင့် လွှဲပို့ကြသည်။**

## (ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ■ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်■ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင် အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ■ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ■ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ■ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း■ အဝတ်အထည်■ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ■ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်■ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ■ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း■ အဝတ်အထည်■ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ■ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်■ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း☐ သင့်■ ညံ့☐ | ကောင်း☐ သင့်■ ညံ့☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့်■ ညံ့☐ | ကောင်း☐ သင့်■ ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အနီးဆုံးဈေးမှာ ဘီတွတ် ကျေးရွာသို့ ဝယ်ယူရောင်းချရပြီး အကြီးစားဈေးကွက်မှာ ရေမိုင်(၂၃)မိုင် ဝေးသောလပွတ္တာမြို့နယ်သို့ စက်လှေ၊ သင်္ဘောများဖြင့် သွားရောက်ဝယ်ယူရောင်းချ ရပါသည်။**

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် / မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ■ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ■ တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐ ၁ မှ ၂ % ■ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက်☐ | လိုအပ်သည် ■ မလိုအပ်ပါ ☐ | နည်းသည် ☐ ရှိသည် ■ မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| သမဝါယမချေးငွေ | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်■ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ■<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ■<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ■<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | -၆ လအတွင်း■<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ■<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ■<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ■<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း■<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ■<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ■<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ■<br>မရှိပါ ☐ |
| အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ■<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်■<br>လစဉ်■<br>၃-၆ လအတွင်း■<br>၆လမှ တစ်နှစ်ထိ■<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ■<br>၁၀% ထက်☐ | လိုအပ်သည် ■<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်■<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ■<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ■<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ■<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ■<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း■<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ■<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ■ | နည်းသည် ☐<br>ရှိသည် ■<br>မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၃ နှစ်မှ ၅</u>

နှစ်အထိ၊**ကာလရှည်ချေးငွေ**ဆိုသည်မှာ ၅ နှစ်မှ ၁၀ နှစ် အထိဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာပေါ်တွင် ငွေကြေးဝန်ဆောင်မှု ချေးငွေထုတ်ပေးနေသော အဖွဲ့အစည်းများ၊ ဘဏ်များရှိသောလည်း အတိုးနှုန်းကြီးခြင်း ရင်းနှီးမြှုပ်နှံရန် ချေးငွေလိုသလောက် မရရှိခြင်းနှင့် အပေါင်ပစ္စည်းပေးရန် ခက်ခဲခြင်းတို့ကြောင့် အိမ်ထောင်စုအများစုမှာ အခက်အခဲ များစွာရှိပါသည်။ ပုဂ္ဂလိကငွေချေးများ၏ အတိုးကြီးချေးငွေများကို လယ်သမားစုမှာ မှီခိုချေးယူ နေရပါသည်။ အတိုးနှုန်းထားများမှာ တစ်ဦးနှင့်တစ်ဦး မတူညီသော်လည်း အနည်းဆုံးတစ်နှစ်လျှင် ၃၆%တိုးမှ အများဆုံးတစ်နှစ်လျှင် ၆၀%တိုးထိ ချေးယူသုံးစွဲကြပါသည်။ အစိုးရဘဏ်ချေးငွေ၊ အတိုးကြီး ပုဂ္ဂလိကချေးငွေများအားလုံးသည် ကာလတိုချေးငွေများဖြစ်သည့်အတွက် စပါးဈေးမြင့် သော မေလ၊ ဇွန်လနှင့် ဇူလိုင်လထိအောင် သိုလှောင် မထားနိုင်ဘဲ စပါးဈေး အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကွာခြားချက်များမှာ စပါးတင်း(၁၀၀)လျှင် (၃)သိန်းကျပ်မှ (၄)သိန်းကျပ်ထိ ပုံမှန်ကွာခြားပါသည်။**

### (စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (စ-၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အကြောင်းအရာ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☐ | လတ်■ | နိမ့်☐ |
| အပင်မျိုးစိတ်များ | မြင့်☐ | လတ်■ | နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☐ | လတ်■ | နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ | လတ်■ | နိမ့်☐ |
| ငါးမျိုးကွဲများ | မြင့်☐ | လတ်■ | နိမ့်☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ | လတ်■ | နိမ့်☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ | လတ်☐ | နိမ့်■ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုတွင် အလေ့ အကျင့်နည်းပါးခြင်းကြောင့် အန္တရာယ်ကျရောက်မှုတွင် အသင့်အတင့် ထိခိုက်မှုရှိနိုင်ပါသည်။ တိရစ္ဆာန်မျိုးကွဲများ၊ အပင်မျိုးစိတ်မျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုနည်းပါခြင်း၊ စွန့်ပစ်အမှိုက်**

**စီမံခန့်ခွဲမှုအားနည်းသည်ကို တွေ့ရပါသည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ် ထိန်းချုပ်မှုသည် နှစ်စဉ် ဆုံးရှုံးမှုများ ရှိသော်လည်း ထူးထူးခြားခြားပျက်စီးဆုံးရှုံးပျက်စီးမှု မရှိသေးကြောင်း တွေ့ရပါ သည်။**

## (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၃၁ | ၃၀ | ၆၁ |
| မူလတန်းအဆင့်ရှိသူဦးရေ | ၆၇၀ | ၂၆၈ | ၉၃၈ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၁၆၁ | ၁၅၁ | ၃၁၂ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၁၀၀ | ၁၃၁ | ၂၃၁ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၇၀ | ၆၁ | ၁၃၁ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော**အတန်းပညာတက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာ သင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ – ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်း ရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်း သူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝ မတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** **။တာလူဖတောကျေးရွာသည် ပညာရေးနှင့် စာတတ်မြောက်မှု အခြေအနေမှာ တစ်ရွာလုံးအတိုင်းအတာနှင့် သုံးသပ်ပါက စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ(၉၆.၃၅) ရှိပါသည်။ မူလတန်းအဆင့်ရှိသူဦးရေ(၉၃၈)ယောက်၊ အလယ်တန်းအဆင့်ရှိသူဦးရေ(၃၁၂)ယောက်၊ အထက်တန်းအဆင့်ရှိသူဦးရေ(၂၃၁)ယောက်နှင့် တက္ကသိုလ်/ကောလိပ် အဆင့်ရှိ သူဦးရေ(၁၃၁)ယောက်ရှိပါသည်။ အထက်တန်းပညာရေးအား သိပ္ပံကုန်းကြီးကျေးရွာသို့ သွားရောက်**

**သင်ကြားရပါသည်။ စာမတတ်သူဦးရေမှာ(၆၁)ယောက် ရှိပါသည်။**

## (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၀၀ | ၉၂ | ၁၉၂ |
| အလယ်တန်း | ၁၁၄ | ၁၀၃ | ၂၁၇ |
| အထက်တန်း | ၅၁ | ၆၀ | ၁၁၁ |
| တက္ကသိုလ်/ကောလိပ် | ၁၄ | ၁၀ | ၂၄ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။တာလူဖတောကျေးရွာ၏ ကျောင်းတက်မှုနှုန်းမှာ မူလတန်းအဆင့်မှာ(၁၉၂)ယောက်၊ အလယ်တန်းအဆင့်မှာ(၂၁၇)ယောက်၊ အထက်တန်းအဆင့်မှာ (၁၁၁)ယောက်ရှိပြီး တက္ကသိုလ်ထိ(၂၄)ယောက်ရှိပါသည်။ ကျေးရွာတွင်း ကျောင်းရှိသောကြောင့် ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းတက်မှုနှုန်းမှာ တိုးတက်ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ■<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ■<br>စက်ဘီး ■<br>ဆိုင်ကယ် ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ကား ☐ | | | ကား ☐ | | | ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်■ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ■ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ■ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်■ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဓ။**ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၅ | ၁၀ | ၁၅ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျောင်းသုံးပရိဘောဂ အလုံအလောက်မရှိသည် မှလွဲ၍ ကျောင်းသားဦးရေနှင့် ဆရာ/ဆရာမ အချိုး၊ ကြမ်းခင်းဧရိယာနှင့် ကျောင်းသားအရေအတွက် လုံလောက်မှုတမှုရှိခြင်း၊ ကျောင်းဆောင်အရည်အသွေး၊ အိမ်သာအခြေအနေ၊ အာဟာရတိုက် ကျွေးမှုစသည်တို့မှာ အသင့်အတင့် ကောင်းမွန်သော အခြေအနေရှိ ကြောင်းတွေ့ရပါသည်။**

## (ဆ-၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ■ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀: ၁ အောက် ☐ ၄၀: ၁ အထက် ■ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ■ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ■ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက် ☐ မလုံလောက်■ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ■ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ■ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ■ သင့် ☐ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာကျောင်းတွင် မသန်းစွမ်းသူများအတွက် ပညာသင်ကြားရေး အထူးအစီအစဉ်မရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ သုံးစွဲနိုင်မှု ပြည့်စုံမှု မရှိခြင်းမှလွဲ၍ အခြားအခက်အခဲနှင့် ပြဿနာများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

**(၈) ကျန်းမာရေးနှင့်အာဟာရ**

**(၈-၁) အဖြစ်များသောရောဂါများ**

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၇ | ဆီးချို | မြင့်■ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်■ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်■ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သွေးတိုးရောဂါ သွေးလွန်တုတ်ကွေး ဝမ်းပျက်ဝမ်းလျောစသည့် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါအနည်းအကျဉ်းမှ လွဲ၍အခြားရောဂါများ စိုးရိမ်ဖွယ် မရှိသော ကျေးရွာတစ်ရွာဖြစ်ကြောင်း တွေ့ရှိရပါသည်။**

**(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ကျန်းမာရေးဆေးပေးခန်းရှိပြီး ကျန်းမာရေးဌာနမှ လအလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အာဟာရတိုက်ကျွေးတို့ကို ပုံမှန်ပြုလုပ်ပါသည်။**

**(၈–၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ■ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်■ | ရှိ ☐<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ■<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည်■<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသည် တစ်ပတ်လျှင်တနင်္လာနေ့မှ သောကြာနေ့ထိ နံနက်(၉:၃ဝ)အချိန်မှ ညနေ(၄:ဝဝ)အချိန်ထိ ဆေးခန်း လာပြသောလူနာများကိုအခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးပါသည်။ အရေးပေါ်လူနာများအတွက် ရေမိုင်(၂၃)မိုင် ဝေးသော လပွတ္တာမြို့နယ်သို့ သွားရောက်ကုသရပါသည်။**

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေရရှိမှု**

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေးထားမှု တွင် "ရှိ" ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၁၀၀ | ရှိ■ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ■<br>မိုး■<br>ဆောင်း■ |
| အဝီစိတွင်း/ စက်တပ် | | ရှိ☐ မရှိ■ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| အဝီစိတွင်း/ တုံကင် | | ရှိ☐ မရှိ■ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ■ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ■ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| ရေကန် | ၃၃၅ | ရှိ■ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ■<br>မိုး■<br>ဆောင်း■ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ■ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စု(၃၃၅)လုံးသည် မြေသားမိုးရေလှောင်ကန်ကိုသာ အဓိကထား၍ သုံးစွဲနေကြပါသည်။ ကျေးရွာများရှိ ရေတွင်းများတွင် ရေပေါ့များသာ**

ထွက်ရှိသောကြောင့် သုံးရေလောက်သာ ရရှိပါသည်။

**(ဈ-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၅၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၈၃ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။သန့်ရှင်းသော ယင်လုံအိမ်သာ(၂၅၂)လုံးရှိပြီး တချို့အိမ်ထောင်စုများသည် အိမ်သာမရှိသောကြောင့် မိမိတို့နှင့်နီးစပ်သော အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။ တစ်ချို့ချောင်းကမ်းဘေးမှအိမ်ထောင်စုများသည် ချောင်းကမ်းဘေးတွင်ဆောက်လုပ်ထားခြင်းဖြစ်၍ ဒီရေအတက်အကျရှိ၍ ရေလောင်းအိမ်သာယင်လုံအိမ်သာ ဆောက်လုပ်ရန် အခက်အခဲရှိပါသည်။**

**(ည) ကျား – မ ရေးရာ**

ဇယား (၃၉) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ■ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ■ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ☐ | မရှိ■ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ■ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။**

## (၄) အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁■၂□၃□<br>၄□၅□ | ကောင်း□<br>သင့်■<br>ညံ့□ | ဖြလမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် □<br>၅နှစ် အထက်■ | ပွင့်လင်း ရာသီ□<br>တစ်နှစ်ပတ်လုံး■ | ၀-၁ မိုင်■<br>၁-၅ မိုင်□<br>၅-၁၀ မိုင်□<br>၁၀မိုင်အထက်□ |
| ချဉ်းကပ်လမ်း | ၁■၂□၃□<br>၄□၅□ | ကောင်း□<br>သင့်□<br>ညံ့■ | ဖြလမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် □<br>၅နှစ် အထက်■ | ပွင့်လင်း ရာသီ□<br>တစ်နှစ်ပတ်လုံး■ | ၀-၁ မိုင်■<br>၁-၅ မိုင်□<br>၅-၁၀ မိုင်□<br>၁၀မိုင်အထက်□ |
| ရွာချင်းဆက်လမ်း | ၁□၂□၃■<br>၄□၅□ | ကောင်း□<br>သင့်□<br>ညံ့■ | ဖြလမှ ၁နှစ် □<br>၂နှစ်မှ ၅နှစ် ■<br>၅နှစ် အထက်□ | ပွင့်လင်း ရာသီ□<br>တစ်နှစ်ပတ်လုံး■ | ၀-၁ မိုင်□<br>၁-၅ မိုင်□<br>၅-၁၀ မိုင်■<br>၁၀မိုင်အထက်□ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း လမ်းသည် အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော မြေသားလမ်းဖြစ်ပြီး အဆိုပါလမ်းအား ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ရွာသူ/သားများသွားလာရသည်မှာ အဆင်ပြေနိုင်ပါမည်။ ကျေးရွာချင်းဆက်လမ်းမှာ ရွာ၏အနောက်ဘက် ဝဲဒေါင့်ကျေးရွာနှင့် ဆက်သွယ်သောမြေသားလမ်းရှိပြီး(၁မိုင်၃ဖာလုံ)ဝေးပါသည်။ ရွာ၏အရှေ့ဘက်တွင် သိပ္ပံကုန်းကြီးနှင့် (၃မိုင် ၄ဖာလုံ)ဝေးသောမြေသားလမ်းရှိပါသည်။ အရည်အသွေးအားဖြင့်ညံ့နေပြီး ၎င်းလမ်းအား အဆင့်မြှင့်တင်ပေးမည် ကျေးရွာ၏ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးများ ပိုမိုကောင်းမွန်လာပါမည်ဖြစ်ပါသည်။**

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | ၃၀'×၁၀'×၁၀'<br>၄၀'×၁၀'×၁၀' | ကောင်း ☐<br>သင့် ☐<br>ညံ့ ■ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ■<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ■<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ■<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး■ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | ၁၄၀'×၁၀'×၁၀' | ကောင်း ☐<br>သင့် ☐<br>ညံ့ ■ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ■<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ■<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ■<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ■<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး■ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆိပ်ခံတံတား(၂)စင်းရှိပါသည်။ အဓိကကုန်တင်၊ ကုန်ချနှင့် အဆင်း၊ အတက်ပြုလုပ်သော ရွာလယ်တံတားမှာ သစ်သားတံဖြစ်၍ သက်တမ်းအားဖြင့် ကြာမြင့်နေသောကြောင့် တံတားမှာ ယိုယွင်းပျက်စီးနေပါသည်။ ၎င်းတံတားကို ပြုပြင်မည်ဆိုပါက ကျေးရွာ၏ ကုန်ထုတ်လုပ်မှုနှင့် ကျေးရွာသူ/သားများအတွက် အကျိုးကျေးဇူးများစွာ သက်ရောက်မှု ရှိမည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၅-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ■<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ■ ၃ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး■ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်**။၁ – လှေ၊သမ္ဘာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မြစ်ကြောင်းအသုံးပြုခြင်းအားဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအဖြစ် စက်လှေများ၊ သင်္ဘောများဖြင့် နီးစပ်ရာမြို့ကြီးများသို့ တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ ပင်လယ်ရေကြောင်းအသုံးပြုခြင်း မရှိပါ။**

## (၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဘာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၉၀ | ၆၆ | ၈၉ | ၅၄ | ၄ | ၂ | | | |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ

**လေ့လာတွေ့ရှိချက်။ ။သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်း (၁)မျိုးသာ အသုံးပြု၍ ရပါသည်။ ကျေးရွာတွင် သမ္ဘာန်အသုံးပြုနှုန်းမှာ(၉၀)စင်း၊ စက်လှေ (၆၆)စင်း၊ စက်ဘီး(၈၉)စီး၊ မော်တော်ဆိုင်ကယ်(၅၄)စီး၊ သုံးဘီးဆိုင်ကယ်(၄)စီး၊ ထော်လာဂျီ (၂)စင်း ရှိပါသည်။**

## (၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | ၂၂၈ | ကောင်း☐ သင့်■ ညံ့ ☐ မဖြေဆို☐ | ရှိ ■ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၁၈ | ကောင်း☐ သင့်■ ညံ့ ☐ မဖြေဆို☐ | ရှိ ■ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်■ ညံ့ ☐ မဖြေဆို☐ | ရှိ ■ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၉၉ | ☒ | ☒ |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းမမှီခြင်းကြောင့် အိမ်ထောင်စုအများစုမှာ ဆိုလာမီးနှင့် ပုဂ္ဂလိက အင်ဂျင်မီးတို့ကိုသာ အားလုံးနီးပါ အသုံးပြု ကြပါသည်။ တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်းလောက်သာအသုံးပြုနိုင်ပြီး အခြားစက်မှု လုပ်ငန်းများကို ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်မီးနှင့်မီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။**

## (၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၄၃၄ | ၄၈ | ၉၈ | ၆ |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖုန်း(၄၃၄)လုံး၊ ရေဒီယို(၄၈)လုံး၊ တီဗွီ(၉၈)လုံးနှင့် ဂြိုလ်တုစလောင်း(၆)လုံးရှိပါသည်။ တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း သုံးစွဲသူအများ အပြားရှိသည့်အတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာအခြေ အနေများရှိပြီး ခေတ်နှင့် လျော်ညီစွာ နေထိုင်နိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။**

**စ(ဃ)ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ ☐ မရှိ■ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်■ ညံ့☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်■ ညံ့☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☐ ညံ့■ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်■ ညံ့☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ ☐ နည်း ■ များ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ■ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင့်အတင့်ပါဝင်မှု ရှိရပါသည်။ အားကစားနှင့်ပတ်သက်၍ လက်ရှိကျေးရွာအားကစားကွင်းမှာ အရည်အသွေးအားဖြင့် ညံ့လှပါသည်။ ၎င်းကွင်းအား အဆင့်မြှင့်တင်မည်ဆိုပါက လူငယ်များအတွက် အဆင်ပြေနိုင်ပါသည်။**

**(ဆ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဆ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊အင်တာနက်လိုင်း၊ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းစသောဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာအထောက်အကူပြုအဆောက်အဦများရှိခြင်း | ရှိ ■ မရှိ ☐ |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ ☐ မရှိ ■ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ ☐ မရှိ ■ |
| မှုခင်းများကာကွယ်တားဆီးလျှော့ချရေးအတွက်ရဲဘက်ဆိုင်ရာများမှဝန်ဆောင်မှုပေးခြင်း | ရှိ ■ မရှိ ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ**

**ပစ္စည်းများကို ကောင်းစွာအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် အာမခံလုပ်ငန်းနှင့် ပတ်သတ်၍ ဝန်ဆောင်မှုများမရှိပါ။ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းမျိုးအတွက် အရန်မီးသတ်ကဲ့သို့သော အဖွဲ့သာရှိပါသည်။**

## (ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | | ခိုးမှု | | မူးယစ်ဆေးသုံးစွဲမှု | | အကြမ်းဖက်မှု | |
|---|---|---|---|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☐ | သာမန် | ■ | သာမန် | ☐ | သာမန် | ☐ |
| | မရှိ | ■ | မရှိ | ☐ | မရှိ | ■ | မရှိ | ■ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူကုန်ကူးမှု လုံးဝမရှိပါ။ တခါတရံမှာ ခိုးဝှက်မှုများ အနည်းငယ်မျှသာရှိပါသည်။ လူငယ်များသည် အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာ ရှိပါသည်။ အခြားမူးယစ်ဆေးသုံးစွဲမှု အကြမ်းဖက်မှု စသည်အမှုများမှာ ဖြစ်ပွားလေ့ မရှိပါ။**

နောက်ဆက်တွဲ (၃)

**ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား**

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | အခြေအနေကောင်း များ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • ကျေးရွာမှ ခရီးသယ်များ လှေ အတက်၊ အဆင်း ခက်ခဲခြင်း၊ ပစ္စည်းများ အတင်၊အချ မလွယ်ကူခြင်း | • ဆိပ်ကမ်းကပ်တံတား မှာ သစ်သားတံတား ဖြစ်နေခြင်း၊ တံတား မှာ အကျယ် ကျဉ်း မြောင်းခြင်း ကြောင့်၊ ယိုင်နဲ့နေခြင်း | • ကျေးရွာမှ ထည့်ဝင်ငွေ အချို့ ပူးပေါင်းပါ ဝင်နိုင်ခြင်း၊ လုပ်အား ဒါ န ကူညီပေးနိုင် ခြင်း၊ | • ကျေးရွာမှ လုံလောက်သောငွေကြေး မတတ်နိုင်ခြင်း၊ ကျေးရွာ မှ သက်ဆိုင်ရာဦး စီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာမှ တံတားဖြစ် မြောက်ရေးကော်မတီ အဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာဦးစီး ဌာနသို့ တင်ပြခြင်း | • ကမ်းကပ် တံတား အဆင့်မြင့် တင်ရေး စီမံချက် |
| **ကဏ္ဍ– အခြေခံအဆောက်အဦ** | | | | | |
| သောက်သုံးရေလုံ လောက်စွာ မရရှိနိုင် ခြင်း | • အခြားရေအရင်းမြစ် မရရှိခြင်း၊ ရေကန် များ ကောနေ ခြင်းကြောင့် အသုံး ပြုမရခြင်း | • ပျက်စီးနေသောရေကန် များဖြစ်သောကြောင့် မြေနေရာရှိခြင်း၊ မိုးများခြင်း | • ကျေးရွာ၏ ငွေအင်အား ထည့်ဝင်လိုစိတ်ရှိသော် လည်း စီးပွားရေး အခြေအနေ အရ ငွေ ကြေးအခက်အခဲ ရှိခြင်း | • ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း နှင့် အခြား အလှူရှင်များနှင့် ချိတ် ဆက်ခြင်း | ကျေးရွာသောက်သုံးရေ ကန် ပြုပြင်ရေး စီမံ ချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ် | အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ- အခြေခံအဆောက်အဦ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်းနှင့် ရွာချင်းဆက် လမ်းများမှာ သွားလာရန် ခက်ခဲခြင်း | • [illegible] | • [illegible] | • [illegible] | • [illegible] ကျေးရွာမှ ငွေအားစု ဆောင်းခြင်း | • [illegible] |